# မြန်မာ - ဆိုက်ဘာလုံခြုံရေးဥပဒေကို ဖျက်သိမ်းပြီး အင်တာနက် ဆက်သွယ်မှုအပြည့် ရရှိအောင် ပြန်လည်ဆောင်ရွက်ရန်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်

**မြန်မာစစ်တပ်သည် ဆိုက်ဘာလုံခြုံရေးဥပဒေမူကြမ်းအား ချက်ချင်းပယ်ဖျက်ပြီး ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းပြီးချိန် ကတည်းက စတင်ချမှတ်ခဲ့သည့် အင်တာနက် ကန့်သတ်ထားမှုများကို ပယ်ဖျက် သင့်ကြောင်း ARTICLE 19, Open Net Association နှင့် ICJ က ယနေ့ ပြောကြားလိုက်ပါသည်။**

"ဆိုက်ဘာနယ်ပယ်ကို ထိန်းချုပ်မှုသည် ပြီးခဲ့သည့် အပတ်က တရားမဝင် အာဏာသိမ်းမှုမှတဆင့် အာဏာကို ရယူခဲ့သော မြန်မာစစ်တပ်၏ ထိပ်တန်း ဦးစားပေးလုပ်ငန်းများထဲမှ တစ်ခုဖြစ်နေမှုမှာ ထူးခြားသည်" ဟု ICJ ၏ အထွေထွေအတွင်းရေးမှူး Sam Zarifi မှ ပြောကြားခဲ့ပါသည်။ "စစ်တပ်သည် မြန်မာနိုင်ငံရှိ အလုံးစုံအာဏာထိန်းချုပ်ရာတွင် အတွေ့အကြုံရှိပြီး ဖြစ်သော်ငြားလည်း ယခုအကြိမ်တွင်မူ သတင်း အချက်အလက်များကို လက်လှမ်းမီနိုင်သည့်အပြင် ပြည်တွင်း၊ ပြည်ပနှင့် ဆက်သွယ်နိုင်စွမ်းရှိသော ပြည်သူလူထုနှင့် ရင်ဆိုင် ပတ်သတ်ဖြေရှင်းရပါမည်။"

နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာထုတ်ဖော် ပြောကြားခွင့်နှင့် သတင်းအချက်လက် ရရှိခွင့်နှင့် ပတ်သတ်ပြီး ဥပဒေပြဌာန်းထားပါက ဥပဒေပါ ရည်မှန်းချက်ကို အကောင်ထည်ဖော်ဖို့ရန် မဖြစ်မနေ လိုအပ်ပြီး အချိုးအစားညီမျှစွာဖြင့်သာ ကန့်သတ်နိုင်ပါသည်။ ဤအခွင့်အရေးသည် အွန်လိုင်း အတွက်လည်း ထပ်တူထပ်မျှ အကျုံးဝင်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက "နိုင်ငံတကာဥပဒေကို ချိုးဖောက်သော လွတ်လပ်စွာထင်မြင် ယူဆနိုင်ခွင့် နှင့် အွန်လိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အပေါ် အလွန်အမင်း ကန့်သတ်ထားမှုအားလုံး" ကို ပြစ်တင် ရှုတ်ချခဲ့ပါသည်။

"အစိုးရအာဏာကို တရားမဝင်သိမ်းဆည်းပြီးနောက် စစ်တပ်သည် သတင်း အချက်အလက်များကို အွန်လိုင်းပေါ်တွင် ဝေမျှ၊သုံးစွဲနေသော ပြည်သူလူထု၏ လုပ်နိုင်စွမ်းကို ထိခိုက်နိုင်သည့် အလွန်အမင်း ပြဿနာရှိသော ဥပဒေအား အတင်းအဓမ္မ သွတ်သွင်းနေသည်" ဟု Article 19 ၏ အာရှလုပ်ငန်းများ ဦးဆောင်သူ Matthew Bugher မှပြောကြားခဲ့ပါသည်။ "ဤဥပဒေ မူကြမ်းသည် အွန်လိုင်းပေါ်တွင် ပြောကြားနေမှုများကို ထိန်းချုပ်ရန်နှင့် တိုင်းပြည်အတွင်း၌

အင်တာနက်လွတ်လပ်ခွင့်ကို အမြဲတမ်း အားနည်းစေမည့် စစ်တပ် ရည်ရွယ်ချက်၏ နောက်ထပ် သက်သေသာဓက ဖြစ်ပါသည်။”

မည်သို့ပင်ရှိစေကာမူ အခြေခံအားဖြင့် မလိုအပ်သော၊ အချိုးအစား မညီမျှသော အင်တာနက် ပိတ်ပင်ခြင်းများ ပါဝင်သည့် ၎င်းတို့၏ ရည်ရွယ်ချက်များကို လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများမှ ပြစ်တင်ရှုတ်ချခဲ့ပါသည်။ လူ့အခွင့်အရေးကောင်စီ၏ လုပ်ပိုင်ခွင့်များ ပေးအပ်ထားသော ကုလသမဂ္ဂ၏ အထူး လုပ်ထုံးလုပ်နည်း (၄) ဖွဲ့သည် ယင်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အင်တာနက်လွတ်လပ်မှု ၂၀၁၁ ပူးတွဲကြေညာချက်တွင် ဤကဲ့သို့ ဖော်ပြထားပါသည် - “ပြည်သူလူထု တစ်ရပ်လုံး (သို့) အများ ပြည်သူအချို့အား အင်တာနက် သို့မဟုတ် အင်တာနက်၏ အချို့အစိတ်အပိုင်းများ အသုံးပြုခြင်းကို ဖြတ်တောက်ခြင်း (အင်တာနက်ကိုပိတ်ခြင်း) သည် အများပြည်သူ လုံခြုံရေး (သို့မဟုတ်) အမျိုးသား လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များ အပါအဝင် မည်သည့် အခြေအနေနှင့်မျိုးတွင်မျှ တရားမျှတမှု မရှိနိုင်” ကြောင်း ဖော်ပြထားပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် မြန်မာနိုင်ငံအတွင်း အင်တာနက် ကန့်သတ်ချက်များကို ရုပ်သိမ်း ပေးရန်အကြိမ်ကြိမ် တောင်းဆိုခဲ့ပါသည်။

ထို့အပြင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အခြားသော လူအခွင့်အရေးဆိုင်ရာ အခွင့်အရေး များကို ကာကွယ်ရန် အမည်မဖော်ပြခြင်း (anonymity) သည် အလွန်အရေးကြီး ပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၃၈/၇ တွင် “လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အတားအဆီး မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့် နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်တို့ ဖော်ဆောင်နိုင်ရန် အွန်လိုင်းလုံခြုံရေးသည် အရေးကြီးသည်” ဟု အသိအမှတ် ပြုထားပါသည်။ ၂၀၁၅ခုနှစ် အစီရင်ခံစာတွင် လွတ်လပ်စွာ ထုတ်ဖော် ပြောကြားခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်က စာဝှက်ခြင်း (encryption) အပေါ် ကန့်သတ်ချက်များသည် အထက်တွင် ဖော်ပြ ခဲ့သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ကန့်သတ်ချက်များကို အပိုင်း သုံးပိုင်း စစ်ဆေးမှုဖြင့် အတည်ပြုရမည်ဟု ဖော်ပြထား ပါသည်။

“ဆိုက်ဘာလုံခြုံရေးဥပဒေတွင် အွန်လိုင်း အမည်မဖော်ပြခြင်းကို တားမြစ်ထားခြင်းသည် မြန်မာနိုင်ငံ အတွက် ဆိုးရွားသည်သာမက အာရှတစ်ခွင်အတွက် အန္တရာယ်ဖြစ်စေသော အစဉ်အလာ တစ်ခု ဖြစ်စေသည်” ဟု တောင်ကိုးရီးယားနိုင်ငံတွင် ၂၀၁၂ ခုနှစ်၌ အလားတူဥပဒေမျိုးကို အခြေခံဥပဒေအရ ဆန့်ကျင့်ခဲ့သူများမှ တည်ထောင်ထားသော Open Net အဖွဲ့၏ အမှုဆောင် ဒါရိုက်တာ Kyung Sin Park မှ ပြောကြားခဲ့ပါသည်။ “ ဥပဒေမူကြမ်းတွင် ပါဝင်သော အကြောင်းအရာများကို ဖယ်ရှားမှု ပြဋ္ဌာန်းချက်များနှင့် အွန်လိုင်းတွင် ပြောဆိုမှုများအား

ရာဇဝတ်မြောက်စေနိုင်မှုများသည် အင်မတန် ကျယ်ပြောပြီး အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် တရားဝင် လုပ်ငန်းစဉ်အပိုင်းတွင် အားနည်း နေပါသည်။ ယင်းအဆိုပြုချက်သည် ဥပဒေမဲ့စွာ ဒီမိုကရေစီဆန့်ကျင်ပြီး စစ်တပ်မှ အာဏာသိမ်းခဲ့ ပြီးနောက် ယင်း၏အာဏာကို ပိုမိုကျယ်ပြန့်အောင် ဥပဒေပြဋ္ဌာန်းရေးမှ ဆောင်ရွက်နေခြင်းပင် ဖြစ်သည်” ဟုပြောကြားခဲ့ပါသည်။

ISPများ၊ အွန်လိုင်းဝန်ဆောင်မှုပေးသူများ (ဥပဒေမူကြမ်းက သတ်မှတ်ထားသည့်အတိုင်း အွန်လိုင်းတွင် အကြောင်းအရာ တင်ပြသူများ) နှင့် အခြားသက်ဆိုင်သူများကို အကြံပြု တင်ပြနိုင်ဖို့ရန် ဖေဖော်ဝါရီ ၁၅ ရက်အထိသာ နောက်ဆုံးရက်ပေးခဲ့ပါသည်။ ၎င်းသည် အဓိပ္ပာယ်ပြည့်ဝသော တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန် စစ်တပ်တွင် ရည်ရွယ်ချက် မရှိကြောင်း ရှင်းလင်းစွာ ပြသလျက်ရှိပါသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် မြန်မာနိုင်ငံအရပ်ဘက်လူ့အဖွဲ့အစည်း ၁၅၈ ဖြင့်ဖွဲ့စည်းထားသော အဖွဲ့မှ ဆိုက်ဘာလုံခြုံရေး ဥပဒေမူကြမ်းအား ငြင်းပယ်ရှုတ်ချကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ မြန်မာ စစ်တပ်သည် ဥပဒေပြုရေးအာဏာကို တရားဝင် ကျင့်သုံးပိုင်ခွင့် မရှိကြောင်း သူတို့၏အမြင်ကို ထပ်လောင်း ပြောကြားခဲ့ပါသည်။

“နိုင်ငံအတွင်းနှင့် ပြင်ပရှိအွန်လိုင်း ဝန်ဆောင်မှုပေးသူ အားလုံးသည် ဆိုက်ဘာနယ်ပယ် အတွင်းသို့ စစ်တပ်အာဏာပိုင်များ ဝင်ရောက်စွက်ဖက်ခြင်းကို စိုးရိမ်စွာ စောင့်ကြည့်သင့်ပြီး ထိုကန့်သတ်ချက်များကို အကောင်အထည်ဖော်ဖို့ရန် ငြင်းဆိုသင့်ပါသည်” ဟု ICJ ၏ Sam Zarifi မှ ပြောကြားခဲ့ပါသည်။

## ဆိုက်ဘာလုံခြုံရေးဥပဒေကြမ်းပါ ပြဿနာရှိသည့် တိကျသော ပြဋ္ဌာန်းချက်များ (ဥပဒေကြမ်း၏ အလွတ်တမ်း ဘာသာပြန်ထားမှု အပေါ်မူတည်ပြီး)

Principle of Legality အားဆန့်ကျင့်ပြီး ဥပဒေကြမ်းရှိ များစွာသော ပြဋ္ဌာန်းချက်များသည် ကျယ်ပြောပြီး တိကျစွာဖော်ပြထားခြင်း မရှိပါ။ ပြဋ္ဌာန်းလိုက်ပါက ဤဥပဒေမူကြမ်းသည် အွန်လိုင်းပေါ် ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန်နှင့် အပြစ်ပေးနိုင်ရန် စစ်တပ်၏ အခွင့်အာဏာကို ပိုမို အားကောင်းစေပါသည်။

ဤဥပဒေသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်ထားသော အသစ်ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်သည့် “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ" ကို ကျယ်ပြန့်စွာ အခွင့်အာဏာပေးအပ်ထား

ပါသည်။ အင်တာနက် ဝန်ဆောင်မှုပေးခြင်းကို စစ်တပ်မှ တိုက်ရိုက်ထိန်းချုပ်မှု နှင့် အွန်လိုင်းပေါ်ရှိ အကြောင်းအရာများကို စောင့်ကြည့်ထိန်းကြောင်းမှုတွင် ယင်း၏ အခန်းကဏ္ဍတို့ကိုယ်၌ပင်လျှင် စိုးရိမ်ဖို့ရန် အကြောင်းတရားများ ဖြစ်ပေသည်။ ထို့အပြင် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို များအား ကာကွယ်ခြင်းကို မည်သည့်အခြေအနေမျိုးတွင်မှ စစ်တပ်မှ ဦးဆောင်ပြီး မဆောင်ရွက် သင့်ပေ။

ဥပဒေကြမ်း၏ ပုဒ်မ ၂၉ သည် အလွန်ကျယ်ပြောပြီး စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု နှင့် ငြိမ်းချမ်းရေးတို့ကို ပျက်ပြားစေသော မည်သည့်ထုတ်ဖော် ပြောဆိုမှုမဆိုနှင့် "တည်ဆဲဥပဒေ တစ်ခုခုကို ဆန့်ကျင့်သည့် စာဖြင့်သော်လည်းကောင်း နှုတ်အားဖြင့်သော်လည်းကောင်း ရေးသား ပြောဆိုမှု" စသည့် မည်သည့် အွန်လိုင်းရေးသားချက်များ အပါအဝင် ကျယ်ပြန့်စွာ အဓိပ္ပာယ် ဖွင့်ဆိုထားသော ထုတ်ဖော်ပြောဆိုမှုများကို တားဆီးခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း နှင့် ရပ်တန့်ခြင်းတို့ ပြုလုပ်ရန် ဖော်ပြထားပါသည်။

ပုဒ်မ ၆၄ အရ ဆိုက်ဘာနယ်ပယ်တွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည် ပျက်စေရန် (သို့) အသင်း အဖွဲ့ ကွဲစေရန် ရည်ရွယ်ပြီး "သတင်းတု" နှင့် "သတင်းမှား" ပြုလုပ် ဖန်တီးပြီး ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်၊ ငွေဒဏ် (သို့) ဒဏ် နှစ်ရပ်လုံးဖြစ်စေ ပြစ်ဒဏ်ချမှတ် ခံရနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့များသည် အစိုးရများအား "သတင်းအမှား'ဆိုင်ရာ ပြစ်မှုများကို ဖြစ်ပေါ်စေသော ဥပဒေများအား မပြဋ္ဌာန်းဖို့ရန် ထပ်ခါတလဲလဲ တိုက်တွန်းခဲ့ပြီး အစိုးရအပေါ် ဝေဖန်မှု များနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမှ အကာအကွယ်ပေးသော အခြား ပြောဆိုမှုများကို ဖိနှိပ်ရန် ယင်းဥပဒေအား အသုံးချနိုင်သည်ကိုလည်း သတိပေးခဲ့ပါသည်။

ပုဒ်မ၃၀သည် အွန်လိုင်းဝန်ဆောင်မှု ပံ့ပိုးသူများအား သုံးစွဲသူအမည်များ (usernames)၊ IP လိပ်စာများ၊ နိုင်ငံသားမှတ်ပုံတင်နှင့် အခြားကိုယ်ရေးကိုယ်တာ အချက်အလက်များကို သုံးနှစ်အထိ သိမ်းဆည်းရန်နှင့် အာဏာပိုင်များက တောင်းဆိုလျှင် သတင်းအချက်အလက်များကိုပေးဖို့ရန် လိုအပ်ခြင်းအားဖြင့် အွန်လိုင်းတွင် အမည်မသိဖြစ်ခြင်း အခွင့်အရေးကို ခြိမ်းခြောက်လျက် ရှိပါသည်။ ဤရည်ရွယ်ချက်အတွက် အသုံးပြုသူ၏ သတင်းအချက်အလက် သိုလှောင်ထားသည့် မည်သည့် အီလက်ထရောနစ် ပစ္စည်းမဆို သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ထားသော နေရာ၌သာ အွန်လိုင်းဝန်ဆောင်မှု ပေးသူများမှ ထားရှိဖို့ရန် ပုဒ်မ ၂၈ မှ ဖော်ပြညွှန်းဆိုထားပါသည်။

ဥပဒေကြမ်းတွင် အလွန်ကျယ်ပြန့်သည့် ပြဋ္ဌာန်းချက်များဖြစ်သော ပုဒ်မ ၆၁ နှင့် ပုဒ် ၇၃ တို့လည်း ပါဝင်ပါသည်။ ယင်းပုဒ်မများအရ ယင်းဥပဒေ ကြမ်းပါအချက်များအား အွန်လိုင်း ဝန်ဆောင်မှု ပေးသူများမှ လိုက်နာရန် ပျက်ကွက်ပါက အများဆုံး ထောင်ဒဏ် သုံးနှစ် နှင့် ငွေဒဏ်ကို ချမှတ်ခြင်း ခံရနိုင်ပါသည်။ ဤဥပဒေကြမ်းအရ ထုတ်ပြန်သော မည်သည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် ပျက်ကွက်သည် လူပုဂ္ဂိုလ်များသည် တစ်နှစ်ထောင်ဒဏ်နှင့် ဒဏ်ငွေချမှတ် ခံရနိုင်ပါသည်။ ယင်းကဲ့သို့ ရည်ရွယ်ချက်ရှိရှိ ထိရောက်သော ဒဏ်ခတ်အရေးယူမှုများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် စံချိန်စံညွှန်းများအရ အချိုးညီမျှမှု လိုအပ်ချက်နှင့် မကိုက်ညီပါ။

ဤဥပဒေမူကြမ်းသည် လွတ်လပ်သော အရပ်ဘက်တရားရုံးများမှ တရားစီရင်ရေးဆိုင်ရာ ပြန်လည်စစ်ဆေးမှုကို အကျိုးမပြုဘဲ အင်တာနက်ကို ထိန်းချုပ်ရန် ပိုမိုကျယ်ပြန့်သော လုပ်ပိုင်ခွင့်ကို အပ်နှင်းထားပါသည်။ “အများပြည်သူအကျိုး” ဟူသည့်ခေါင်းစဉ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ အတည်ပြုထားသော ဝန်ကြီးဌာနသည် မည်သည့်အွန်လိုင်း ဝန်ဆောင်မှုကို မဆို တားမြစ်နိုင်သည် (သို့မဟုတ်) အွန်လိုင်းဝန်ဆောင်မှုပေးခြင်းနှင့် သက်ဆိုင်သော ပစ္စည်းများကို ထိန်းချုပ်နိုင်ပါသည်။ ထို့အပြင် မည်သည့်အွန်လိုင်း ဝန်ဆောင်မှုပေးသူကိုမဆိုတားမြစ်နိုင်ပါသည်။ ၎င်းသည် “အရေးပေါ်အခြေအနေ” တွင်ဆက်သွယ်ရေးကို ပိတ်ပစ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို ခွင့်ပြုထားသော အများ ဝေဖန်ခံရပြီး ပြဿနာရှိသည့် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၇၇ ၏ စံနှုန်းထက် များစွာ ပိုပြီး တင်းကျပ်ပါသည်။

**ဆက်သွယ်ရန်**

Osama Motiwala (ICJ အာရှပစိဖိတ်ဆက်သွယ်ရေးအရာရှိ)
အီးမေးလိပ်စာ - osama.motiwala(a)icj.org